ဗိုကိုလာရေလှုပ်ရှားမှု

**အသက်ပေးသည့်**
**နှုတ်တော်ထွက်စကား**

ဇူလိုင်လ ၂၀၁၇

**“ဝန်လေး၍ပင်ပမ်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်သင်တို့ကိုအားဖြည့်ပေးမည်။ (မာတေဦး ၁၁း၂၈)**

“ဝန်လေး၍ပင်ပမ်းသောသူအပေါင်းတို့” အဆိုပါစကားရပ်မှာ အမျိုးသား၊ အမျိုးသမီး၊ လူငယ်၊ ကလေး လူကြီးစသည်ဖြင့် ဘဝအသက်တာခရီးလမ်းတွင်လေးလံနွမ်းလျလျက် တစ်နေ့တွင် သူတို့၏ဝန်ထုတ်ဝန်ပိုးများမှ လွတ်မြောက်ရန်မျှော်လင့်နေသောသူတို့၏ပုံရိပ်ကို ထင်ဟတ်မြင်စေပါသည်။

ယင်းကား ရှင်မာတေဦး၏ဧဝံဂေလိကျမ်းမှ “ငါ့ထံသို့လာကြလော့ . . . ” ဟူ၍ သခင်ယေရှု၏ဖိတ်ခေါ် ချက်ပါဝင်သောအစိတ်အပိုင်းဖြစ်သည်။ စုဝေးလျက်ရှိသောလူအုပ်ကြီးက သူ့အားမြင်တွေ့ကြားနာကြရသည်။ အများ စုမှာ ထိုခေတ်အခါက ရှုပ်ထွေးလှသော ဘာသာရေးထုံးတမ်းစဉ်လာများကို နားမလည်နိုင်ကြသော ရိုးသားပြီး ပညာ အခြေခံနိမ့်ပါးသောသူများဖြစ်ကြပါသည်။ ထို့အပြင် ရောမအုပ်ချုပ်သူတို့ထံ အခွန်ထပ်မံပေးဆောင်ရသည့် ဝန်ထုတ် ဝန်ပိုးမှာ သူတို့၏ဘဝရပ်တည်ရေးအတွက် မဖြစ်နိုင်သည့်အခြေအနေသို့ဆိုက်ရောက်ခဲ့ကြရသည်။ သူတို့သည် ရုန်းကန်လှုပ်ရှားရင်း သာ၍ကောင်းသောဘဝအသက်တာကို ရှာဖွေတွေ့ရှိဖို့ မျှော်လင့်နေခဲ့ကြပါသည်။

သူ၏သွန်သင်မှုများအားဖြင့် သခင်ယေရှုက လူမှုအသိုင်းအဝိုင်းအတွင်းမှ ဘေးဖယ်ခံထားရသူများ၊ အပြစ် သားများအတွက်အထူးသဖြင့်စိုးရိမ်မှုရှိကြောင်းကို ပြသခဲ့ပါသည်။ ကိုယ်တော်ရှင်က လူတိုင်းအား အရေးအကြီးဆုံး ပညတ်တော်ကိုနားလည်ပြီး လက်ခံကြစေလိုပါသည်။ ယင်းကား အဖခမည်းတော်၏အိမ်တော်တံခါးကိုဖွင့်ပေးသည့် ချစ်ခြင်းမေတ္တာပညတ်ချက်ပင်ဖြစ်သည်။ အမှန်က ဘုရားသခင်သည် ပွင့်လင်းပြီး အရိုးခံနှလုံးသားရှိသောသူတို့အား သူ၏အံ့ဘွယ်ရာများကို ဖေါ်ပြနေခြင်းဖြစ်သည်။

ယနေ့ချိန်ခါတွင်လည်း သခင်ယေရှုက သူနှင့်သာ၍နီးစေဖို့ ကျွန်ုပ်တို့အားဖိတ်ခေါ်နေပါသည်။ ကိုယ်တော် တိုင်ကလည်း ချစ်ခြင်းမေတ္တာတည်းဟူသောဘုရားသခင်တည်ရှိမှုကို မြင်သာစေသည့်အနေဖြင့် မိမိကိုယ်ကို ဖေါ်ပြခဲ့ ပါသည်။ ကျွန်ုပ်တို့၏အစွမ်းအစများနှင့် အကန့်အသတ်ရှိမှု၊ ကျွန်ုပ်တို့၏မျှော်လင့်ချက်များနှင့် ပျက်ကွက်မှုများ စသည်ဖြင့် ရှိသည့်အတိုင်းပင် အလွန်ချစ်တော်မူသောဘုရားသခင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်က သူ၏ပညတ်တော် ၌ ယုံကြည်မှုရှိရန်၊ ဝန်လေး၍ကျွန်ုပ်တို့အား လဲကျခြင်းမရှိစေဘဲ၊ သူ၏ထမ်းပိုးသည် ပေါ့ပါး၍ လိုက်လျှောက် သူတို့၏စိတ်နှလုံးများကိုပင် ဝမ်းမြောက်ပျော်ရွှင်မှုကို ပေးမည်ဖြစ်ကြောင်း ဖိတ်ခေါ်လျက်ရှိပါသည်။ ကျွန်ုပ်တို့ ၏သံန္နိဋ္ဌာန်ပြုမှုမှာ မိမိအလိုဘက်သို့ပြန်လှည့်ခြင်းမှရှောင်ရှားလျက် နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့၏အသက်တာအား အခြားသူများအတွက် အမြဲတမ်းဖြည့်ဆည်းပေးသူများဖြစ်လာရန်ဖြစ်ပါသည်။

**“ဝန်လေး၍ပင်ပမ်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည်သင်တို့ကိုအားဖြည့်ပေးမည်။**

သခင်ယေရှုက “ငါသည်သင်တို့ကို အားဖြည့်ပေးမည်” ဟုလည်း ကတိပေးထားပါသည်။

ကိုယ်တော်ရှင်သည် ကျွန်ုပ်တို့အားမည်သို့ အားဖြည့်ပေးပါမည်နည်း။ ပထမတစ်ခုက ကျွန်ုပ်တို့၏ အသက်တာတစ်လျှောက်လုံးတွင် ကိုယ်တော်ရှင်အားအထွဋ်ကျောက်အဖြစ် ရွေးချယ်ခဲ့မည်ဆိုပါလျှင် ကျွန်ုပ်တို့ အတွင်းဝယ် ပို၍လေးနက်ပြီး ပိုမိုအားကြီးစွာဖြင့် ရှင်သန်ဖွံ့ဖြိုးလာစေမည့် သူ၏တည်ရှိနေမှုအားဖြင့်လည်းကောင်း၊ ဒုတိယတစ်ခုမှာ နေ့စဉ်ကျွန်ုပ်တို့၏အသက်တာလမ်းတွင် ကိုယ်တော်ရှင်၏အလင်းကျေးဇူးတော်အားဖြင့် ခက်ခဲသော အခြေအနေများမှာပင်ဖြစ်ပါစေ၊ အသက်တာ၏အဓိပ္ပယ်ကို သိမြင်လာစေဖို့အထောက်အကူဖြစ်စေခြင်းတို့ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သခင်ယေရှုးပြုခဲ့သည့်အတိုင်း အစပြုချစ်နိုင်ကြမည်ဆိုပါလျှင် ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရန်နှင့် အပြည့်အဝလွတ်လပ်မှုရှိစေရန် ခွန်အားကိုပေးသော ချစ်ခြင်းမေတ္တာကို ရှာဖွေတွေ့ရှိကြပါလိမ့်မည်။ ယင်းကား ဘုရားသခင်၏အသက်တာသည် ကျွန်ုပ်တို့အတွင်းဝယ် ရှင်သန်ဖွံ့ဖြိုးလာခြင်းကြောင့်ပင်ဖြစ်သည်။

ကယားရာလူးဘစ်က . . .“ခရစ်ယာန်တို့သည် ချစ်ခြင်းမေတ္တာ၌မပြတ်တည်မနေပါလျှင် သူတို့သည် ခရစ်ယာန်ဆိုသည့်အမည်ကို မခံထိုက်ပါ။ အကြောင်းမှာ သခင်ယေရှုး၏ပညတ်တော်များအနှစ်ချုပ်ဖြစ်သည့် ဘုရားသခင်ကိုချစ်ခြင်းနှင့် ကိုယ်နှင့်နီးစပ်သူကိုချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် သခင်ယေရှုးအား သိမြင်ချစ်မြတ်နိုးကြပါသည်။ ချစ်ခြင်းမေတ္တာသည် ခံစားချက်တစ်ခုတည်းသက်သက်မဟုတ်ပေ။ အသေးငယ်ဆုံးကိစ္စများမှအစ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမများ အထူးသဖြင့် ကျွန်ုပ်တို့နှင့်အနီးစပ်ဆုံးသူများအတွက် နှိမ့်ချသောဝတ်ကြီးဝတ်ငယ်ပြုမှုများသည်ပင်လျှင် ချစ်ခြင်းမေတ္တာအခိုင်အမာပြသဖို့ရန် လိုအပ်ပါသည်။ *Charles de Foucauld* ပြောခဲ့ဖူးသည်မှာ “သင်သည်တစ်စုံတစ်ယောက်ကို မေတ္တာသက်ဝင်သည့်အခါ ချစ်ခြင်းမေတ္တာအားဖြင့် သင်သည် သူ့ထံမှာပင်ရှိနေတတ်သည်၊ သူ့ထံမှာပင်ရှင်သန်နေတတ်သည်။ သင်သည် ကိုယ့်အတွက်ကိုယ်ရှင်သန်မနေတော့ပါ။ သင်သည် မိမိအတွက်ဆိုသည်ကိုမကြည့်တော့ဘဲ သင်ကိုယ်တိုင်၏ပြင်ပသို့ရောက်နေပါတော့သည်။ ထိုချစ်ခြင်းမေတ္တာအားဖြင့် သခင်ယေရှုး၏အလင်းတော်သည် ကတိတော်ရှိခဲ့သည့်အတိုင်း ကျွန်ုပ်တို့အတွင်းဝယ် ထွန်းလင်းတောက်ပလျက်ရှိပါသည်။ “ငါ့ကိုချစ်သောသူတို့ကို . . . . မိမိကိုယ်ကိုသူ့အားထင်ရှားပြတော်မူမည်”(ယောဟန် ၁၄း၂၁)။ ချစ်ခြင်းမေတ္တာသည် အလင်း၏အကြောင်းတရားတည်း။ ချစ်ခြင်းမေတ္တာထားခြင်းအားဖြင့် ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာတည်းဟူသော ဘုရားသခင်ကို ကောင်းစွာပို၍နားလည်လာသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းနှင့် ငြိမ်သက်ခြင်းဖြစ်တော်မူသော သခင်ယေရှုး၏ သူ့ထံသိုလာရန် ဖိတ်ခေါ်ချက်ကို လက်ခံကြပါစို့။

ကိုယ်တော်ရှင်၏ပညတ်တော်ကိုလက်ခံလျက် ကိုယ်တော်ရှင်ပြုခဲ့သည့်နည်းတူ ချစ်ခြင်းမေတ္တာကို အကောင်းဆုံးပြသကြပါစို့။ မိသားစုအတွင်းမှာသော်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ လုပ်ငန်းခွင်၌သော်လည်းကောင်း တစ်နေ့တာလုံးမေတ္တာပြဖို့ရန် မဆုံးနိုင်သောအခွင့်အရေးများ ကျွန်ုပ်တို့တွင်ရှိပါသည်။

ဘ၀အခက်အခဲများကြောင့် ဝန်လေး၍ပင်ပမ်းနေသူများအား ဖေးမကူညီခြင်းအားဖြင့် နံရံတံတိုင်းများအစား ပေါင်းကူးတံတားများတည်ဆောက်ကြပါစို့။

ဝန်ထုတ်ဝန်ပိုးဖြစ်ခြင်းမှကင်းဝေးပြီး ဤပညတ်တော်က ကျွန်ုပ်တို့အား တောင်ပံအစုံကိုပေးလျက် သာ၍မြင့်ရာကို ပျံသန်းစေမည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိမြင်လာကြပါလိမ့်မည်။

*Letizia Magri*